ဆိုတလူဖရဲဒူး (ကေး) စီမံခန့်ခွဲ အုပ်ချုပ်မှုစနစ်

ဒေါတမကြီးကျေးရွာအုပ်စုသည် ကယား(ကရင်နီ)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ ကျေးရွာပေါင်း ခြောက်ရွာတွင် စုပေါင်းထားသော ကျေးရွာမှာ ဒေါတမကြီး၊ ဒေါညေးခူ၊ ဒေါဆိုဖျ၊ ဒေါကော့၊ ဒေါဖါနှင့် ဒေါတချကျေးရွာတို့ဖြစ်သည်။ စုစုပေါင်း ကျေးရွာအုပ်စုပိုင်နယ်နိမိတ်ဧရိယာမှာ ၄၉၀၃၂.၄၇ ဧကကျယ်ဝန်းပါသည်။ ဒေါတမကြီးကျေးရွာအုပ်စုတွင် ကယားလူမျိုးများဖြစ်ကြပြီး ရာစုနှစ်ပေါင်းများစွာ ရိုးရာဓလေ့ထုံးတမ်းများကို ကျေးရွာအုပ်စုအတွင်း တွင် "ကေး" စနစ်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်လာခဲ့ကြသည်။

"ကေးဗျာရျယ်" နှင့် "အီလုဗျာရျယ်" တို့သည် အနာဂါတ်မျိုးဆက်များအတွက် "ကေး" ကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ပေးခြင်းခံရသူများဖြစ်သည်။ "ကေးဗျာရျယ်" နှင့် အီလုဗျာရျယ် တာဝန်ပေး အပ်ခြင်းခံရမည့်သူသည် မျိုးရိုးအလိုက်ဆင်းသက်လာသောသူများဖြစ်ပြီး အိမ်ထောင်ရှိသူ၊ ရိုးသားဖြောင့်မတ် ခြင်းနှင့် အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ "ကေးဗျာရျယ်" သည် ပူဇော်ပသရန်တွင် အမျိုးသမီး များပိုမိုဦးဆောင်ပြီး "အီလူးဗျာရျယ်" သည် အမျိုးသားများဦးဆောင်သည်။"ကေးဗျာရျယ်"သည် "ကေး" အတွင်းရှိ လူမှုအသိုင်းအဝိုင်း၏ ရေ၊မြေများနှင့် သဘာဝအရင်း အမြစ်များကို စီမံခန့်ခွဲ ခြင်းအပြင် "ကေး"၏ သစ်တော၊ ရေ၊ မြေ၊ လေ၊ သဘာဝအရင်းအမြစ်များကို အကာအကွယ်ပေးနေသည်။ ရွာများမှ ယုံကြည်ထား သည့်နတ်များနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိစေရန် လုပ်ဆောင်ခြင်း တာဝန်များရှိသည်။ ကျေးရွာ၏ အထွေထွေဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံခန့်ခွဲသည်။


"အီလုဗျာရျယ်" သည် မြေယာနှင့် မဆိုင်သည့် နတ်ပူဇော်ပွဲများ ကျင်းပရာတွင် တာဝန်ရှိသူဖြစ်သည်။ "အီလုပွဲ" ကို ပူဇော်ခြင်းတွင် ရိုးရာ ရွာ အီလုပွဲကို ပူဇော်သည့် ကေထိုးဘိုးပွဲတော်ကို ဦးဆောင်ရန် တာဝန်ရှိသင်းအားဖြင့် တစ်ရွာနှင့်တစ်ရွာအကြား ရွာသူရွာသားများ ပိုမိုစည်းလုံးညီညွတ် ခြင်း၊ ကျန်းမာခြင်း၊ သီးနှံထွက်နှုန်းတိုးခြင်း၊ မိုးလေဝသ မှန်ကန်စေရန်နှင့် သစ်တောများ စိမ်းလန်း စိုပြေစေရန်တို့ ရရှိမည်ဟု ယုံကြည်သည်။


အီလူဗျယ်ရျယ်သည် မြေယာနှင့် မပတ်သက်သော နတ်ပူဇော်ပွဲများ ကျင်းပရာတွင်တာဝန်ရှိပြီး အီလုပွဲခေါ် ကေးထိုးဘိုးပွဲ ကျင်းပရာတွင်လဲ တာဝန်ယူရသည်။

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | လူဦးရေ | ကျား | မ | ကိုးကွယ်သည့်ဘာသာ | အုပ်ချုပ်မှု |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်တမကြီး | ၄၅၈ | ၁၈၃၈ | ၈၄၀ | ၉၉၈ | ဗုဒ္ဓ၊ နတ်စား | KNPP နှင့် ဗဟိုအစိုးရ |
| ၂ | ဒေါ်ကော့ | ၈၉ | ၄၆၇ | ၂၃၇ | ၂၃၀ | ခရစ်ယာန် | KNPP နှင့် ဗဟိုအစိုးရ |
| ၃ | ဒေါ်တချား | ၆၅ | ၄၀၉ | ၂၀၆ | ၂၀၃ | ခရစ်ယာန် | KNPP နှင့် ဗဟိုအစိုးရ |
| ၄ | ဒေါ်ညေးရူ | ၂၉၉ | ၁၄၅၃ | ၆၈၈ | ၇၆၅ | ဗုဒ္ဓ၊ နတ်စား | KNPP နှင့် ဗဟိုအစိုးရ |
| ၅ | ဒေါ်ဆိုဖျ | ၁၄၆ | ၇၂၆ | ၃၆၇ | ၃၅၉ | ဗုဒ္ဓ၊ နတ်စား | KNPP နှင့် ဗဟိုအစိုးရ |
| ၆ | ဒေါ်ဖာ | ၂၂ | ၁၁၅ | ၆၀ | ၅၅ | ခရစ်ယာန် | KNPP နှင့် ဗဟိုအစိုးရ |

**(ကေး) မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှုစနစ်**

ကေးဆိုသည်မှာ ကျေးရွာနယ်နိမိတ်အတွင်းတွင်ရှိသည့် အရာအားလုံးသည် ကေးဟုခေါ်ပါသည်။ ကေးစနစ်ကို အသုံးပြုလာခဲ့သည်မှာ ကယားလူမျိုးပေါ်ပေါက်လာခဲ့သည့်အချိန်ကတည်းက စတင်ခေါ်ဆို ကျင့်သုံးလာ ကြသည်။



ရွာသူရွာသားများ၏ တောင်ယာ ကွက်တွင်ပိုင်ဆိုင်တယ်

ကေး (မြေ)

<u>စုပေါင်းစီမံခန့်ခွဲမှု</u>

(၁) **ဒေါ်တမကြီးအုပ်စု "ကေး"ကွန်ယက် စီမံအုပ်ချုပ်ရေးကော်မတီသည် ဓလေ့ထုံးတမ်းကိုအခြေခံ၍"ဆိုတလူး ဖရဲ့ဒူး ဓလေ့ထုံးတမ်းမြေ နှင့်သစ်တောစီမံအုပ်ချုပ်ရေး ကော်မတီ" ဟုခေါ်ဆိုသည်။** ၎င်းကော်မတီကို ကျေးရွာတရွာလျှင် ရွေးချယ်သော ကိုယ်စားလှယ် (၂)ဦးစီ(အမျိုးသမီး-၁ဦး၊ အမျိုးသား-၁ဦး)၊ ကျေးရွာ(၆)ရွာမှ ကိုယ်စားလှယ်စုစုပေါင်း(၁၂)ဦးဖြင့် ရွေးချယ်ဖွဲ့စည်းသွားရမည်။ အဆိုပါ ကိုယ်စားလှယ်ကို အောက်ပါအတိုင်း ဖွဲ့စည်းသွားရမည်။

| | |
|---|---|
| (၁) ဒေါ်တမကြီး ကိုယ်စားလှယ် | - ၂ ဦး(ကျား - ၁၊မ - ၁) |
| (၂) ဒေါ်ညေးခူကိုယ်စားလှယ် | - ၂ ဦး(ကျား - ၁၊မ - ၁) |
| (၃) ဒေါ်ဆိုဖျကိုယ်စားလှယ် | - ၂ ဦး(ကျား- ၁၊မ - ၁) |
| (၄) ဒေါ်ကော့ကိုယ်စားလှယ် | - ၂ ဦး(ကျား- ၁၊မ - ၁) |
| (၅) ဒေါ်ဖာကိုယ်စားလှယ် | - ၂ ဦး(ကျား- ၁၊မ - ၁) |
| (၆) ဒေါ်တချကိုယ်စားလှယ် | - ၂ ဦး(ကျား- ၁၊မ - ၁) |

(၂) အဆိုပါရွေးချယ်ထားသောကိုယ်စားလှယ်(၁၂)ဦးကို ဦးဆောင်ပေးနိုင်ရန် တာဝန်ခံ ၁၊၂၊၃ ရွေးချယ်တာဂန် ပေးသွားရမည်။

(၃) ကိုယ်စားလှယ်များကို ကျေးရွာအသီးသီးမှ လျှို့ဟုက်မဲစနစ်ဖြင့်ရွေးချယ်သွားရမည်ဖြစ်သည်။

(၄) ကော်မတီသက်တမ်းတခုမှာ (၂)နှစ်ဖြစ်ပြီး ဦးဆောင်သူ တာဝန်ခံ ၁၊၂၊၃ အလှည့်ကျစနစ်ဖြင့် ရွေးချယ်တာဂန်ပေးသွားရမည်။

(၅) ကော်မတီအစည်းအဝေးကို ပုံမှန်အားဖြင့် (၃)လတစ်ကြိမ်ပြုလုပ်ပြီး တာဝန်ခံ ၁၊၂၊၃ မှ ပြဿနာအတွက် အရေးပေါ်ရှိလျှင် အရေးပေါ်အစည်းအဝေးများကို အချိန်မရွေးခေါ်ယူနိုင်သည်။

(၆) တာဝန်ခံ ၁၊၂၊၃ နှင့် အဖွဲ့ဝင်များ အသီးသီးတို့၏လုပ်ငန်းတာဝန်ဝတ္တရားများကို "ကေး" ကွန်ယက် စီမံအုပ်ချုပ်ရေးကော်မတီမှ အစည်းအဝေးထိုင်ပြီး ရေးဆွဲချမှတ်ထားရမည်။

**ဆိုတလူးဖရဲ့ဒူး ရှိုးရာခလေ့ထုံးတမ်း မြေနှင့်သစ်တော စီမံအုပ်ချုပ်ရေးကော်မီတီ ရေးကောက်ပဲ**





ဒေါ်တမကြီး ကျေးရွာအုပ်စု ဆိုတလူဖရဲ့ဒူး (ကေး) သစ်တောကော်မီတီ

❖ ဆိုတလူးဖရဲ့ဒူး ရိုးရာဓလေ့ထုံးတမ်း မြေနှင့်သစ်တော စီမံအုပ်ချုပ်ရေးကော်မီတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| 1 | ဦးဖဲရယ် (ဒေါ်တမကြီး) | တာဝန်ခံ (၁) |
| 2 | ဦးနိရယ် (ဒေါ်တချ) | တာဝန်ခံ (၂) |
| 3 | ဦးမဲရယ် (ဒေါ်တမကြီး) | တာဝန်ခံ (၃) |
| 4 | ဦးလော်ရယ် (ကော့ကြည်သော) ဒေါ်ညေးရူ | ဘဏ္ဍာထိန်း |
| 5 | ဒေါ်အေးအေးချို(ဒေါ်ညေးရူ) | စာရင်းကိုင် |
| 6 | ဦးကိုရယ် (ဒေါ်ကော့) | အဖွဲ့ဝင် |
| 7 | ဦးဘဲရယ် (ဒေါ်ဆိုဖျ) | အဖွဲ့ဝင် |
| 8 | ဦးဘအေး (ဒေါ်ညေးရူ) | အဖွဲ့ဝင် |
| 9 | ဦးဖရေရယ်( ဒေါ်ဆိုဖျ) | အဖွဲ့ဝင် |

**ဆိုတလူဖရဲ့ဒူး (ကေး) သစ်တောကော်မီတီ တာဝန်ခံများ၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(၁) အစည်းအဝေးပြုလုပ်လျှင်ဦးဆောင်ပြုလုပ်ရမည်။

(၂) အချိန်မရွေး လိုအပ်လျှင် အစည်းအဝေးခေါ်ယူပိုင်ခွင့်ရှိသည်။

(၃) အုပ်စုကော်မတီအစည်းအဝေးကို ကျင်းပရာတွင် တာဝန်ခံ ၃ ဦးမှ ပူပေါင်းစီစဉ်ရမည်။

(၄) ဖြစ်ပေါ်လာသော နယ်နိမိတ်ပြသာနာကို ကော်မတီနှင့်တိုင်ပင်ပြီး စုပေါင်းဖြေရှင်းပေးရမည်။

(၅) ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊သစ်ထုတ်ယူခြင်းနှင့် သက်ဆိုင်သော ပြသနာများဖြစ်ပေါ်လျှင် ကျေးရွာကော်မတီများနှင့် ပူးပေါင်းဖြေရှင်းရမည်။

(၆) အစည်းအဝေးကျင်းပတိုင်း ဖိတ်စာတွင် လက်မှတ်ထိုးပေးရမည်။

(၇) စည်းမျဉ်းစည်းကမ်းရေးဆွဲရန်တွင် ရွာသူရွာသားများကို ချပြရမည်။

(၈) သဘာဝ သစ်တော ထိန်းသိမ်းရာတွင် စေတနာထားရှိရမည်။

(၉) စည်းမျဉ်းစည်းကမ်းချမှတ်ရာတွင် ကော်မတီဝင်များ၏ သဘောတူညီမှု အပေါ်အခြေခံရမည်။

**ထောက်ခံချက်**

(က) ကျေးရွာဘုံ အသုံးပြုရန်အတွက် သစ်လိုအပ်ပါ တာဝန်ခံ၏ လက်မှတ် ၃ ဦးပါဝင်ရမည်။

မှတ်ချက်။ ။ ကျေးရွာအဆင့် သစ်တောကော်မတီ၏ ခွင့်ပြုချက် လက်မှတ် ပါရှိရမည်။

(ခ) အုပ်စုအဆင့်အစည်းအဝေးကျင်းပရာတွင် တာဝန်ခံတစ်ဦးမှ လက်မှတ်ထိုးပြီး အစည်းအဝေးကျင်းပနိုင်သည်။

(ဂ) နယ်နမိတ် တိုင်းတာရာတွင် တာဂန်ခံ ၃ ဦး၏ လက်မှတ်နှင့် အဖွဲ့ဂင်များ၏လက်မှတ် ပါဂင်ရမည်။

**မှတ်ချက်။ ။ အထက်ဖော်ပြပါ တာဂန်ဂတ္တရားများသည် တာဂန်ခံ ၃ ဦး၏ ဂတ္တရာများဖြစ်သည်။**

**ဘဏ္ဍာထိန်း လုပ်ငန်းတာဝန်ဝတ္တရားများ**

- ရန်ပုံငွေ ထိန်းသိမ်းရမည်။
- ကော်မတီအဖွဲ့များ၏ သဘောတူညီမှုအပေါ် စီမံခန့်ခွဲရမည်။
- ငွေကိုသေချာစွာ စီစစ်ရေတွက်ရမည်။
- မိမိသဘောဖြင့် ငွေချေးယူသုံးစွဲမှု ကင်းရမည်။
- ဂင်ငွေ၊ထွက်ငွေနှင့် ပက်သက်သော အကြောင်းအရာများကို ကော်မတီဂင်များမေးမြန်းစစ်ဆေးတိုင်း စာရင်းနှင့်ငွေပြနိုင်ရမည်။
- **စာရင်းကိုင်**
- စာရင်းအင်းများ၊ စနစ်တကျသိမ်းဆည်းထားရမည်။
- စာရင်းတိကျမှန်ကန်ရမည်။
- ကိန်းဂဏာန်းမှားယွင်းပါက မှင်နီနှင့် တားပြီး သေချာ၊တိကျ၊ ပြတ်သားစွာ ပြန်လည်ရေးသားရမည်
- ငွေဂင်ငွေထွက် တိကျ မှန်ကန်စေရမည်
- ငွေစာရင်းရှင်းတမ်းကို အစီရင်ခံပေးရမည်။
- ငွေစာရင်းဟူသမျှ သေချာစွာ သိမ်းဆည်းရမည်
- အစည်းအဂေးကျင်းပတိုင်း စာရင်းပြသရှင်းလင်းနိုင်ရမည်

**အဖွဲ့ဂင်များ**

- အစည်းအဂေးပုံမှန်တက်ရောက်ရမည်။
- အဖွဲ့ဂင်များမှ အစည်းအဂေးမှတ်တမ်းများကို ပြုလုပ်ရမည်။
- ကျေးရွာသစ်တော ကော်မတီဂင် စာရင်းနှင့်မှတ်တမ်းများကို သိမ်းထားရမည်။
- လုပ်ငန်းတာဂန်ခွဲဂေပေးတိုင်း ကူညီပံ့ပိုး ရမည်။
- လူထုများကို စည်းရုံးကူညီရမည်။
- ကော်မတီများ အားလုံး ပံ့ပိုးကူညီ ပေးရမည်။
- အစည်းဂေးတိုင်း အလုပ်ပေါ်လာတိုင်း မပျက်မကွက် အတူတကွပူပေါင်းပါဂင်ဆောင်ရွက်ရမည်။
- နယ်နမိတ်တိုင်းတာရာတွင် ကော်မတီဂင်အားလုံး ပူးပေါင်းပါဂင်ရမည်။

## ဒေါ်တမကြီးကျေးရွာအုပ်စု ဝေလေ့ထုံးတမ်းမြေယာနှင့် သစ်တောဆိုင်ရာ ဘုံစည်းမျဉ်းစည်းကမ်းများ

## ကာကွယ်တော

**(သစ်ပင်ဂါးပင်များ၊သဘာဂအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ထားသောတောဖြစ်ပြီးငင်းကာကွယ်တောအတွင်းရှိ၊ဟင်းသီးဟင်းရွက်များ၊သစ်ဥသစ်ဖုများ၊ဆေးပင်များ၊ထင်းခြောက်များကို အသုံးပြုခွင့်ရှိသည်)**

## ကာကွယ်တောစည်းမျဉ်းစည်းကမ်းများ

(၁) သစ်နှင့်သစ်ထွက်ပစ္စည်းများရွာပြင်သို့ မရောင်းရ။

(၂) ကာကွယ်တောအတွင်း သားရိုင်းတိရိစ္ဆာန်များ မပစ်ရ။

(၃) ကာကွယ်တောအတွင်း သစ်မခုတ်ရ။

(၄) သစ်ဂါးများသယ်ယူခြင်း တခြားရွာသို့ယူဆောင်ခြင်း ခွင့်မပြု။

(၅) သစ်အခြောက်များကို ထင်းအဖြစ်ယူဆောင်အသုံးပြုခြင်း ခွင့်ပြုသည်။ဂါး၊ ထင်းအခြောက်များ၊ သဘာဂပေါက် ဟင်းသီးဟင်းရွက်များ ခူးယူခွင့်ပြုပါသည်။

(၆) ကျေးရွာအများပိုင်အဆောက်အဦးများအတွက် လိုအပ်ပါက ကာကွယ်တောအတွင်း လိုသလောက် ခုတ်ယူခွင့်ပြုသည်။ (မှတ်ချက်။ ။ စီးပွားအဖြစ်သစ်ခုတ်ခြင်းများကိုခွင့်မပြုပါ)

(၇) တောင်ယာမီးရှို့လျှင် မီးတားလမ်းပြုလုပ်ရမည်။

(၈) လူထုပိုင်ကာကွယ်သစ်တောအတွင်း သစ်ပင်ခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်း၊ သားကောင်များပစ်ခြင်း မပြုလုပ်ရန် တားမြစ်ထားပါသည်။

(၉) ကျေးရွာအတွက်သစ်လိုအပ်ပါက သစ်တောကော်မတီနှင့်တိုင်ပင်ဆွေးနွေးပြီး သစ်ခုတ်ရန်။

(၁၀) သစ်တောကော်မတီ၏ ခွင့်ပြုချက်မရှိပဲသစ်ခုတ်ခွင့်မရှိပါ။

(၁၁) ကာကွယ်တောအတွင်း တောင်ယာ(လုံးဂ)ခုတ်ခွင့်မပြုပါ။

(၁၂) ကာကွယ်တောအတွင်း ကျွဲ၊နွား၊တိရိစ္ဆာန်ကျောင်းခြင်း ခွင့်ပြုသည်။

## ပြစ်ဒါဏ်များ

(၁) ထင်းအစိုခုတ်ရာတွင် သစ်(၁)ပင်လျှင်(၅ဂဂဂ)ကျပ်နှင့် ခုတ်ယူသည့်သစ်များကို သိမ်းယူမည်။

မှတ်ချက်။ ။သစ်လုံးပတ်လည် ၃ပေအောက်ဆိုလျှင် ၅ဂဂဂဂကျပ် သစ်လုံးပတ်လည်၃ပေ အထက်ဆိုလျှင် ၁ဂဂဂဂဂကျပ် ပေးဆောင်ရမည်။

(၂) ကာကွယ်တောအတွင်း သစ်ကျူးကျော်ဝင်ရောက်ခုတ်ယူပါက ၅ဂဂဂဂကျပ်အထိ ပေးဆောင်ရမည်။

(၃) ကျူးလွန်ပါက (ဓလေ့ထုံးတမ်း)တရားဥပဒေအရ အရေးယူပြီး အဖိုးတန်ပစ္စည်းကိုလည်း သိမ်းဆည်းမည်ဖြစ်သည်။

(၄) ပြစ်မှုကျူးလွန်သူထံမှ ရရှိသောထင်းအစိုနှင့်ဒဏ်ငွေများကို သစ်တောကော်မတီမှ ရွာလူငယ်အဖွဲ့၊ ရွာအုပ်ချုပ်ရေးအဖွဲ့နှင့်တိုင်ပင်ပြီး ထိုငွေများကို ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်အတွက် စီမံခန့်ခွဲနိုင်သည်။

(၅) သစ်ခိုးထုတ်ခြင်းတွေ့ရှိပါက သစ်၏ကာလပေါက်ဈေးဖြင့် လျော်ကြေးပေးရပါမည်။ ထိုငွေကို ရွာရံပုံငွေအဖြစ် အသုံးပြုကြသည်။

**<u>ကန့်ကွက်တော</u>**

(ကေးလဲ) နတ်ပူဇော်သည်မြေနေရာ၊ တံခွန်တိုင်(ကေးထိုးဘိုး)နေရာ၊သင်္ချိုင်းမြေ၊ရေထွက်ပေါက်နေရာ၊ နတ်မြေများ စသည့်နေရာများရှိသည့်တောများကို ကန့်ကွက်ထားခြင်းဖြစ်သည်)

**<u>စည်းမျဉ်းစည်းကမ်းများ</u>**

(၁) ကန့်ကွက်တောအတွင်း ငှက်နှင့်အခြားသားကောင်များပစ်ခြင်း၊ အလေးအပေါ့စွန့်ခြင်းများ မပြုလုပ်ရ။

(၂) ရေဝပ်ဧရိယာအတွင်း သစ်ပင်များခုတ်ခြင်း၊ စိုက်ခင်းပြုလုပ်ခြင်းများ တားမြစ်ထားပါသည်။

(၃) ကန့်ကွက်တောအတွင်း သစ်ခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ သစ်ခွပန်းများခိုးခူးယူခြင်းများ လုံးဝခွင့်မပြုပါ။

(၄) ရွာလုံးကျွတ်တစ်နှစ်တစ်ခါ မီးတားလမ်းလုပ်ဆောင်ခြင်း၊ သန့်ရှင်းရေးလုပ်ဆောင်ခြင်းများ ရွာသူရွာသားများ အားလုံးညီညာစွာပြုလုပ်ကြရန်။

(က)(တစ်နှစ်တစ်ခါ ရွာလုံးကျွတ် မီးတားလမ်းများ ရွာပတ်လည်၌ ရွာသူရွာသူသားများ အားလုံးညီညာစွာ သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ကြရန်)

(၅) တောမီးရှို့ခြင်းများကို တားမြစ်ထားပါသည်။

**<u>ပြစ်ဒါဏ်</u>**

(၁) ကန့်ကွက်တောအတွင်း တားမြစ်ထားသော စည်းကမ်းချက်တစ်စုံတစ်ခု ကျူးလွန်မိပါက ပြစ်ဒဏ်များကို ကယားရိုးရာအရ ကြက်ရိုးထိုးပြီး ပြစ်ဒဏ်ချမှတ်ကြပါသည်။

ဥပမာ။ ။ ကြက်ရိုးထိုးပြီး အဖြေသိသောအခါ ကြက်ဆိုကြက်၊ ဝက်ဆိုဝက်တစ်ကောင်၊ နွားဆိုနွားတစ်ကောင်ဆိုပြီး ရိုးရာယုံ ကြည်မှုအရ ပေးဆောင်ရပါသည်။

(၂) ကန့်ကွက်သစ်တောအတွင်းသစ်ခုတ်ခြင်းတွေ့ရှိပါကပစ်ဒဏ်အဖြစ်(ရှေးမိုးပလိုးကျား) ကြက်မတစ်ကောင်နှင့် ခေါင်ရည်တစ်အိုး ဒဏ်ငွေအဖြစ်ပေးဆောင်ရပါသည်။

မှတ်ချက်။ ။ထင်းအဖြစ်ခုတ်ယူ သည့်သူများအတွက်သာ ဖြစ်သည်။

(၃) အိမ်တိုင်(သို့မဟုတ်)အိမ်ဆောက်ပစ္စည်းများ ကန့်ကွက်သစ်တောအတွင်း ခုတ်ယူပါက ပစ်ဒဏ် ဂက်လက်သုံး ဆုပ်တစ်ကောင်၊ ကြက်ဖထီး (တွန်ပြီးသောကြက်ဖ) ၁ကောင်၊ ငွေ၅ဂဂဂကျပ်၊ ခေါင်ရည်၁အိုး ဒဏ်ငွေဆောင်ရပါသည်။

(၄) ပထမအကြိမ် သစ်ခုတ်ပါက အထက်ဖော်ပြပါ ပြစ်ဒဏ်များကိုလျော်ကြေးပေးရပြီး ဒုတိယအကြိမ် သစ်ခိုးထုတ်ခြင်းများဖမ်းမိပါက ၅ဆလျော်ကြေးများပေးဆောင်ပြီး သစ်တောကော်မတီမှ ထပ်မံသတိပေး လုပ်ဆောင်သွားမည်။
(၅) သစ်ခိုးထုတ်မှုများဖမ်းမိပါက သစ်တောကော်မတီနှင့် လူငယ်အဖွဲ့ ပူးပေါင်းပြီး ထိုသစ်များကို ရွာသို့ ပြန်သယ်ယူလာပြီး ထိုသစ်များကို ရွာဖွံ့ဖြိုးရေးလုပ်ငန်း (သို့မဟုတ်) ရွာ၏လိုအပ်သော နေရာများတွင် ဖြည့်ဆည်းပြီးအသုံးပြုပါသည်။
(၆) သစ်တောကော်မတီမှ သစ်ခိုးထုတ်ခြင်းတွေ့ရှိပါက ပြစ်ဒဏ်ကို သာမာန်ရွာသားထက် ၃ဆ လျော်ကြေးပေးဆောင်ရမည် ဖြစ်ပါသည်။

**<u>ကျေးရွာတစ်ရွာ၏ တစ်မိသားစု(သို့မဟုတ်) တစ်ဦးချင်း ပိုင်ဆိုင်သော မြေ</u>**

(၁) မိမိလုပ်ကိုင်စားသောက်သော လယ်ယာမြေ(ကေး)သည် ဘိုးဘွားပိုင်မြေ(ကေး) အဆက်ဆက်မှာ အမွေဆက်ခံဖြစ်သောကြောင်း လယ်ယာမြေ(ကေး) ချိတ်ဆက်သောသူ တစ်ယောက်နှင့် တစ်ယောက်၊ မိသားစုနှင့် တစ်စု၊ တစ်ရွာနှင့် တစ်ရွာတွင် အလိုအလျောက် ရင်းနှီးကြ ပြီးဖြစ်၍ ရှေးအဆက်ဆက် ဘိုးဘွား ဘီဘောကတည်းက အပြန်အလှန် အသိအ မှတ်ပြု လေးစားကြသည်။


(၂) သက်သေအထောက်အထားနှင့် ပတ်သက်ပြီး မိမိလုပ်ကိုင်စားသောက်သော လယ်ယာမြေ(ကေး)သည် နီးစပ်သော လယ်ယာမြေများက ဝိုင်းဝန်းအသိအမှတ်ပြုကြသည်။

(၃) ရွှေ့ပြောင်းတောင်ယာနှင့် ပတ်သက်၍ ၄င်းတောင်ယာကို နှစ်နှစ်၊ သုံးနှစ်အတွင်း စိုက်ပျိုး လုပ်ကိုင်ကြပြီး မြေဆီလွှာမကောင်းသောကြောင့် အခြားတစ်နေရာသို့ ရွှေ့ပြောင်းလုပ် ကိုင်ပြီး ၅နှစ်(သို့မဟုတ်) ၁၀နှစ်တွင်း တောင်ယာကို အလှည့်ကျအနားပေး ချန်ထားပြီး တောင်ယာ အဟောင်းကို ပြန်လည်ခုပ်ထွေရှင်းလင်း စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသည်။

**ရွှေစမ်းချောင်း**

ရွှေစမ်းချောင်းသည် ဒေါ်တမကြီးကျေးရွာအုပ်စုအတွင်း အဓိကကျသောရေအရင်းအမြစ်ရရှိ ရန်နေရာ တစ်ခု ဖြစ်သည်။ ဒေါ်တမကြီးကျေးရွာအုပ်စု၆ရွာစလုံး၏ အသုံးပြုရန် ရေအရင်းအမြစ်နေရာ လည်း ဖြစ်သည်။ ထိုရေဂပ်ဧရိယာသည် ရွာ၏အရေးကြီးသော ရေအရင်းအမြစ်နေရာတစ်ခုဖြစ်သည့် အတွက် ရွာသူရွာသားများ သည် ထိုနေရာကို ကန့်ကွက်တောဧရိယာအဖြစ် သတ်မှတ်ထားကြသည်။ ဒေါ်တမကြီးအုပ်စု တစ်ခုလုံး ဘုံသဘောတူညီမှုဖြစ် စည်းမျဉ်းစည်းကမ်းချမှတ်ထားပြီး သစ်၊ ဝါး၊ တောင်ယာခုတ်ခြင်း၊ သစ်ခွပန်း အမျိုးမျိုး ခူးယူ ခြင်းများကို ပိတ်ပင်ထားကြသည်။ ကျေးရွာအုပ်စုက ချမှတ်ထားသော ဘုံသဘောတူညီမှု စည်းမျဉ်း စည်းကမ်းကို ကျူးလွန်လျှင် ရိုးရာဓလေ့ ဥပဒေအရ အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။ နွေရာသီ အချိန်တွင် ရေနည်းပြီး မိုးရာသီ အချိန်သာ ရေပုံ မှန်ရရှိသည်။

ရွှေစမ်းချောင်းသည် ဒေါ်တချကျေးရွာ၏မြောက်ဘက် ၃မိုင်ခန့်အကွာတွင်တည်ရှိပြီး ရွာ၏သောက်သုံး ရေအသုံး ပြုရန်အတွက် ရေခပ်ရာတွင် အမျိုးသမီးများက ပလိုင်းနှင့်သွားခပ်ကြပြီး အမျိုးသားများသည် ဂါလံပုံးဖြင့် ထမ်း ကြပါသည်။ အချို့ရွာသူ/သားများသည် နွားလှည်း၊ ဆိုင်ကယ်ဖြင့်လည်း ဒေါ်ကော့ ကျေးရွာအထိ ဆင်းခပ်ကြ ရပါသည်။ ချောင်းထဲရှိ ဂဏန်း၊ ငါး၊ ပုဇွန်လုံး၊ ဖား အပြင်ဟင်းသီးဟင်းရွက် များလည်း ရှာစားကြသည်။ ဤစမ်းချောင်း သည် ရွာတည်ထောင်ကတည်းကတည်ရှိပြီး ကျေးရွာအတွက် အရေးကြီးသော ရေအရင်းအမြစ် တစ်နေရာ ဖြစ်သည်။



**ရေအသုံးပြုမှု စည်းမျဉ်းစည်းကမ်းများ**

(၁) ရေကော်မတီဝင်များသည် တစ်လ တစ်ကြိမ် ပုံမှန် ရေပိုက်များကို သွားရောက် စစ်ဆေးပြုပြင်ရမည်။

(၂) ဒေါ်ဥေးခူ၊ ဒေါ်ဆိုဖျူနှင့် ဒေါ်တမကြီးကျေးရွာသူ/သားတို့သည် ဒေါ်တချမှရေသွယ်ယူသောရေပိုက်များ စစ်ဆေးပြုပြင်ရန်နှင့် အလည့်ကျတာဝန်ပေးဆောင်ရန်တွင် တာဝန်ကျခံထားရသော ကျေးရွာသည် ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(၃) အစည်းအဝေးခေါ် ဆိုချိန်တွင် ရေကော်မတီဝင်များသည် မပျက်မကွက် တက်ရောက်ရမည်။

(၄) ရေပိုက်များ ဖြတ်သန်းသွားသော တောင်ယာနယ်မြေများကို နားလည်မှုရှိစွာဖြင့် တောင်ယာ ပိုင်ရှင် များ ခွင့်ပြုပေးရမည်။

**ကေးနယ်မြေ(ကျေးရွာနယ်နိမိတ်သတ်မှတ်ခြင်း) စည်းမျဉ်းစည်းကမ်းများ**

(၁) ကျေးရွာနယ်နမိတ် သတ်မှတ်ထားသည့်ဒေသအခေါ်အဝေါ်နှင့် အမှတ်အသားများ၊ GPS point များ ဖြစ်သည့်အတိုင်း အတည်ဖြစ်သည်။

(၂) ကျေးရွာနယ်နမိတ်သည် တစ်ရွာနှင့်တစ်ရွာ အသိအမှတ်အပြုပြီး ကြက်၊ ဂက်၊ ခေါင်ရည်နှင့် အရက်ဖြင့်စားသောက်ပြီး အပြန်အလှန်သဘောတူညီချက်ဖြင့် အတည်ပြုကြသည်။

(၃) ကျေးရွာနယ်နမိတ်များကို ဘိုးဘွားဘီဘေ လက်ထဲ ကတည်းက သစ်ပင်၊ ကျောက်ဆောင်၊ တောင်ကုန်း၊ တောင်၊ မြောင်း၊ ချောင်း၊ မြစ်၊ အင်းအိုင်ကမ်းပါးများစသည်ဖြင့် ကျေးရွာနယ်နမိတ်သတ်မှတ်ကြသည်။ ၄င်းသတ်မှတ်ထားသည့်အတိုင်း တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိရ။

**မှတ်ချက်။** ။ အထက်ဖေါ်ပြပါအတိုင်း ကျေးရွာနယ်နမိတ်သတ်မှတ်ချိန်တွင် ရှေ့မှီနောက်မှီသော ကျေးရွာမိဘများနှင့် သစ်တောကော်မတီများ၊ မြို့နယ်မှူးများ၊ ကျေးရွာအုပ်စုမှူးများ၊ KSWDC နှင့် ECDF လုပ်သားများရှေ့မှောက်တွေ သတ်မှတ်ထား သောကြောင့် ၄င်းစည်းမျဉ်းစည်းကမ်းများ လိုက်နာကျင့်သုံးရမည်။

(၄) ကေးနယ်မြေ(ကျေးရွာနယ်မြေ)အတွင်းရှိ မြေပေါ်မြေအောက်သယံဇာတ၊ တွင်းထွက်သတ္တုနှင့် စိုက်ပျိုးရေး စီမံကိန်းကြီးများ၊ အကြီးစားစီမံကိန်းများကို ပြင်ပကုမ္ပဏီများ၊ အဖွဲ့အစည်း များမိမိသဘော ဖြင့်လာရောက်

လုပ်ကိုင်ခြင်းမပြုရ၊ လာရောက်လုပ်ကိုင်လိုပါက FPIC လုပ်ထုံးလုပ်နည်းအရ ဒေသခံကျေး ရွာလူထုနှင့် သစ်တောကော်မတီများထံ၊ ဆိုတလူးပရဲ့ဒူး ဓလေ့ထုံးတမ်းမြေနှင့် သစ်တောကော်မတီထံ လာရောက် တိုင်ပင်ညှိနှိုင်းမှုပြုပြီး ဒေသခံအတွက် ဆိုးကျိုးထက်၊ ကောင်းကျိုး ဖြစ်စေမည့် အာမခံ ချက်များအပြင် ဒေသခံ၏ ဆန္ဒသဘောတူ ညီချက်အတိုင်း အကောင်အထည် ဖော်ရမည်။

(၅) ပြင်ပရင်းနှီးမြုပ်နှံသူကုမ္ပဏီများ လာရောက်၍ "ကေး"တခုရှိ ကျေးရွာတရွာအတွင်း စီမံကိန်းများကို ဒေသခံ ရွာသား/အာဏာပိုင် ဆန္ဒမပါဘဲ ပြုလုပ်လာပါက ထိုရွာအတွင်းရှိ သစ်တော ကော်မတီ၊ ရွာသားများ၊ အုပ်စုအလိုက် "ဆိုတလူးပရဲ့ဒူး ဓလေ့ထုံးတမ်းမြေနှင့်သစ်တော"စီမံ အုပ်ချုပ်ရေး ကော်မတီနှင့် တိုင်ပင်ပြီး အုပ်စုအတွင်း အခြားရွာများ၏အကူအညီဖြင့် အဆိုပါကုမ္ပဏီ ပြန်လည်ရုပ်သိမ်းရန် ဝိုင်းဝန်း ကန့်ကွက် ဆန္ဒပြနိုင်သည်။

(၆) မြေ နှင့် သစ်တောဆိုင်ရာ ကိစ္စအဝဝကို ဆိုတလူးဖရဲဒူး ကော်မတီ၏ စီမခန့်ခွဲမှုကို မည်သည့် အဖွဲ့အစည်း များမှ လွှမ်းမိုးမှုမရှိစေရ၊


<u>မြေယာအငြင်းပွားမှုဖြေရှင်းနည်း</u> **နှင့် နယ်နိမိတ်ကျောက်တိုင်ထူ သဘောတူစာချုပ် ချုပ်ဆိုခြင်း**

မြေယာနှင့်ပတ်သက်ပြီး အငြင်းပွားမှုတစ်စုံတစ်ခုဖြစ်ပွားလျှင် ကျေးရွာရှိ ရွာမိရွာဖများနှင့် ကျေးရွာဥက္ကဋ္ဌ၊ ကျေးရွာရှိ တာဝန်ရှိသူများသည် တာဝန်ယူ ဖြေရှင်းပေးကြပါသည်။ အခြားကျေးရွာများနှင့် မြေယာအငြင်းပွားမှုဖြစ်ပွားမည်ဆိုပါက နှစ်ဖက်သော မြေယာပိုင်ရှင် အချင်းချင်းတွေ့ဆုံပြီး ဖြေရှင်းကြ၍ မပြေလည်လျှင် ကျေးရွာရှိ အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ရွာမိရွာဖအချင်းချင်းဆုံတွေ့စေပြီး အငြင်းပွား မှုများဖြေရှင်းကြသည်။ အုပ်စုအဆင့်နှင့် မပြေလည်သေးလျှင် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ဟူ၍ အဆင့်ဆင့် ဖြေရှင်းကြသည်။

နယ်နမိတ်နှင့် ပတ်သက်သော မြေယာအငြင်းပွားမှုများကို နှစ်ဖက်သော ရွာသူရွာသားများသည် အငြင်းပွား မှုဖြစ်ပွားရာနေရာသို့ သွားရောက်တွေ့ဆုံကြပြီး ရိုးရာဓလေ့အရ ဝက်တစ်ကောင့်ဖြင့် ပူဇော်ပသပြီး နယ်နိမိတ်မှတ် တိုင်များ စိုက်ထူခြင်းနှင့် သဘောတူစာချုပ်ချုပ်ဆိုခြင်းဖြင့် နယ်နိမိတ် သတ်မှတ်ခြင်းများ

ပြုလုပ်ကြသည်။ အကယ်၍ မပြေလည်လျှင် တာဝန်ရှိ မြို့နယ်ကော်မတီများ၊ မြို့နယ်မှူးများနှင့် ဖြေရှင်းကြသည်။ မြို့နယ်အဆင့်နှင့် မပြေလည်သေးလျှင် ခရိုင်အဆင့်ထိ ခရိုင်မှူးများနှင့် အငြင်းပွားမှုများ ဖြေရှင်းကြသည်။





ကျေးရွာနယ်နမိတ်နှင့်ကျောက်တိုင်ထူ

သဘောတူစာချုပ်

ရက်စွဲ ။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်။

ဒီမောဆိုမြို့နယ်၊ ဒေါ်တာမကြီးကျေးရွာအုပ်စုအတွင်းရှိ **ဒေါဆိုဖျူနှင့်** ဒေါကော့ကျေးရွာတို့၏ နယ်နမိတ်ဆုံရာ ( )နေရာသည် **ဒေါဆိုဖျူနှင့်** ဒေါကော့ ကျေးရွာတို့၏ နယ်နမိတ်အတည်ပြု ကျောက်တိုင်ထူ ခြင်းဖြစ်သည်။ ဤ( )သည် ထာဝရ ပြောင်းလဲခြင်းမရှိ ယနေ့မှစပြီး အတည်ပြုသတ်မှတ်ပါသည်။ ထိုအတည်ပြုခြင်း ပြောင်းလဲမှုမရှိ အောက်တွင်လက်မှတ်ရေးထိုးသည်။

ဒေါဆိုဖျူကျေးရွာ ဒေါကော့ကျေးရွာ အသိသက်သေ

**ကန့်ကွက်တော ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း**

ဒေါ်ကော့နှင့် ဒေါ်ဖာရွာ သူ /သားများ ကန့်ကွက်ထားသော သစ်တောများကို ရိုးသေလေးစားပါမည်ဟု ကတိသစ္စာဆိုထားကြသည်။ ၎င်း ကန့်ကွက်တောများ ဖြစ်ကြသော အီလုလဲ၊ ကေးလဲ၊ သမားဆို၊ သချိုင်းမြေ၊ နတ်မြေ များကိုတန်းဖိုးထားပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောင့်ပါမည်ဟု ကတိသစ္စာပြုကြသည်။ ဤ ကန့်ကွက်သစ်တောအတွင်း သစ်ခုတ်ယူမိပါက မြေစောင့်နတ် တောစောင့်နတ် များက အပြစ်ပေးခံရပါမည်ဟု ကတိသစ္စာပြုကြသည်။ ကတိသစ္စာဆိုရန်တွင် ရေဖလားအတွင်း ရေ မြေကြီးအနည်းငယ် နှင့် သစ်အခွံအနည်းငယ်ထည့်ပြီး မြေကို တိုင်တည်ပြီး သစ္စာဆိုထားသော ရေကို တစ်အိမ်ထောင်စု နည်းနည်းစီ ဤသစ္စာရေကို သောက်ကြရသည်။ သစ္စာရေသောက်ရခြင်းရည်ရွယ်ချက်မှာ မိမိတို့၏ ရေ၊ မြေ တောတောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း ကာကွယ်စောင့်ရှောင့်ရန်ဖြစ်သည်။